Burmese

# AMPARO Advocacy inc

53 Prospect Road, Gaythorne, Q 4051
ဖုန်း 07 3354 4900
အီးမေးလ် info@amparo.org.au

## ကျွန်ုပ်တို့ ရပ်တည်ပေးနေသူများမှာ...

ယဉ်ကျေးမှုနှင့် စာပေအရ မတူကွဲပြားသည့် နောက်ခံရှိသော မသန်စွမ်းသူများ

**မမျှမတဆက်ဆံခံရသူ၊ ညှဉ်းပန်းနှိပ်စက်ခံရသူ သို့မဟုတ် ခွဲခြားဆက်ဆံခံရသူများ။**

ကျွန်ုပ်တို့သည် သင်၏ လူ့အခွင့်အရေးများကို ကာကွယ်ပေးရန်နှင့် သင်၏အခြေခံလိုအပ်ချက်များ ပြည့်ဝကြောင်း သေချာစေရန် သင်နှင့်အတူ လက်တွဲဆောင်ရွက်ပါမည်။

**ဖုန်း (07) 3354 4900**

## ကျွန်ုပ်တို့က မည်သူနည်း...

**AMPARO Advocacy Inc**

သည် လွတ်လပ်သော ထောက်ခံစည်းရုံးမှုဖြစ်စေရန် ကွင်းစလန်အစိုးရမှ ငွေကြေးထောက်ပံ့ပေးထားသည့် အကျိုးအမြတ်မယူသော ရပ်ရွာအဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။

**ကျွန်ုပ်တို့သည် ကလေးသူငယ်များနှင့် အသက် 65 နှစ်အောက်လူကြီးများအတွက် ထောက်ခံစည်းရုံးပေးပါသည်။**

## ကျွန်ုပ်တို့ ယုံကြည်သည်မှာ

**ယဉ်ကျေးမှုနှင့် စာပေအရ မတူကွဲပြားသည့် နောက်ခံရှိသော မသန်စွမ်းသူများတွင် အောက်ပါအခွင့်အရေးများ ရှိပါသည် -**

- လေးစားတန်ဖိုးထားခံရရန်
- မိသားစု၊ မိတ်ဆွေများနှင့် အဆက်အသွယ်ရှိရန်
- စကားပြန်များနှင့် ဘာသာပြန်ထားသော အချက်အလက်များကို လက်လှမ်းမီအသုံးပြုနိုင်ရန်
- ယဉ်ကျေးမှုအရ သင့်လျော်သည့် နည်းလမ်းဖြင့် ပံ့ပိုးပေးသည့် ထောက်ပံ့မှုများနှင့် ဝန်ဆောင်မှုများ ရရှိရန်
- ရပ်ရွာအသိုက်အဝန်းအတွင်း ပါဝင်ခွင့်ရရန်
- ကောင်းသောဘဝတစ်ခုတွင် နေထိုင်နိုင်မည့် အခွင့်အရေးများရရန်

## ကျွန်ုပ်တို့ လုပ်ဆောင်နေသည့်အရာ...

**AMPARO Advocacy က-**

- သင့်ကို သိရှိပြီး သင့်အခြေအနေကို နားလည်အောင်လုပ်ပါမည်
- သင်၏ အရေးအကြီးဆုံးလိုအပ်ချက်များကို အာရုံစိုက်ပါမည်
- သင်နှင့်လက်တွဲလုပ်ဆောင်ရန် ယဉ်ကျေးမှုအရ သင့်လျော်သောနည်းလည်းများကို ရှာဖွေဖော်ထုတ်ပါမည်
- သင့်အခွင့်အရေးများနှင့် သင့်ကိုအထောက်အကူပြုနိုင်မည့် ဝန်ဆောင်မှုများနှင့်ပတ်သက်၍ အချက်အလက်များ ပေးပါမည်
- သင်အချက်အလက်များကို နားလည်ရန်၊ ဆုံးဖြတ်ချက်ချရန်နှင့် ပြဿနာများကို တင်ပြရန် သင့်ကို ပံ့ပိုးပေးပါမည်
- သင့်ဘက်တွင် အမြဲရှိနေပါမည်